**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ ပြည်ထောင်စုမြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်သော ထုတ်ပြန်ကြေညာချက်

၁။ ကမ္ဘာ့အင်အားကြီးနိုင်ငံ၊ အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ Mr. Xi Jinping ၏ ခရစ်သက္ကရာဇ် ၂၀၂၀ အစ၊ တရုတ်နှစ်သစ်ကူးအချိန်အခါတွင်း မြန်မာနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အား ဝမ်းမြောက်စွာကြိုဆိုပါသည်။

၂။ အိမ်နီးချင်း(၂)နိုင်ငံ၏ အနှစ်(၇၀)ပြည့် သံတမန်ဆက်ဆံရေးမှသည် ကောင်းမွန်သော အကျိုးဆက်များ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

၃။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့အကြား ရရှိသော သဘောတူညီချက်များ အားလုံးသည် (၂)နိုင်ငံမှ နိုင်ငံသားများ၏အကျိုး၊ နယ်စပ်လုံခြုံရေးနှင့် ပြည်တွင်းစစ်များ ချုပ်ငြိမ်းကာ တည်ငြိမ်သော ငြိမ်းချမ်းမှုရရှိရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်သူများ၏အသံနှင့် အဖွဲ့အသီးသီး၏ ထုတ်ပြန်ချက်များတွင် မတူကွဲပြားသော သဘောထားအမြင်များ ပါရှိမည်ဖြစ်သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ ခံစားချက်ကို နားလည်ပေးပါရန်နှင့် စေတနာရှေ့ထား လျက် လိုအပ်သည့် အကူအညီများ ပေးနိုင်ပါရန် မေတ္တာရပ်ခံပါသည်။

၅။ သမ္မတ Mr. Xi Jinping ၏ ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗဟိုကော်မတီ
KIO

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်။